ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ (11-12-2009)(၆၂၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ **ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌** ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၁၁ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ **တပ်မတော် ကာကွယ်ရေး** ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး **လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတွင်** ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ **ဖွင့်ပွဲအခမ်းအနားသို့ တက်**ရောက်ခဲ့ပြီးနောက် ပြန်လည် ရောက်ရှိလာသော နိုင်ငံတော် ဝန်ကြီးချုပ် **ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော် လေဆိပ်၌** ကြိုဆို နှုတ်ဆက်စဉ်။
(အပေါ်ယာပုံနှင့် ဝဲပုံ)
(သတင်းစဉ်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆု ချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာမျက်နှာ(၆)တွင် ဖော်ပြထားပါသည်။

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာရေးဆရာကြီး ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)အား ၂၀၀၈ခုနှစ်အတွက် "အမျိုးသားစာပေ တစ်သက်တာဆု"ကို ရွေးချယ်ချီးမြှင့်လိုက်သည်။

အဆိုပါဆုကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၁၁-၁၂-၂၀၀၉
(သောကြာနေ့)

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြှင့် ဒေသဖွံ့ဖြိုးရေး ပြည်သူ့အားဖြင့် ဆက်လက်ဆောင်ရွက်

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးများ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ပျံ့နှံ့သုံးစွဲလာလျက်ရှိသည်။ မူးယစ်ဆေးဝါး သုံးစွဲနေသူများ၊ ယင်းတို့နှင့် နီးနွယ်နေသည့် မိသားစုများ၊ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများနှင့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်ကိုပါ ဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတိုင်း၊ ဒေသတိုင်းနှင့် သက်ဆိုင်သဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်နေကြပြီဖြစ်သည်။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာနိုင်ငံအလိုက် သတင်းဖလှယ်ခြင်း၊ ဖော်ထုတ်ဖမ်းဆီးခြင်းများ ပြုလုပ်နေကြသည်။ မူးယစ်ဆေးဝါးပပျောက်စေရေး နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ စီမံကိန်းကာလ သတ်မှတ်ထားရာ ယခုအခါ ဒုတိယ(၅)နှစ် အပိုင်း၏ နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီး မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ ခရီးရောက်အောင်မြင်မှုရရှိနေသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း နေရာဒေသအနှံ့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို အခါအားလျော်စွာ ကျင်းပလာခဲ့သည်။ ရန်ကုန်မြို့တွင် ၂၀၀၆ ခုနှစ်အထိ အကြိမ်(၂၀)နှင့် ပြည်နယ်၊ တိုင်းအတွင်းရှိ မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် ဒေသများနှင့်မြို့ကြီးများတွင် (၄၇)ကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများစွာကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ဒီဇင်ဘာ ၈ ရက်က ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနား၌ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၉၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၃သန်းကျော်)ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပြည်သူများအားလုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သထုံခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် အမှတ် (၂) ခရိုင်ချင်းဆက်လမ်း ကျိုက်ထို အပိုင်း (၂)ရှိ ဝင်းကလော-ငှက်ပျောတော-ကဇိုင်းလမ်း ပြုပြင်ထားရှိမှုနှင့် တံတားများကြံ့ခိုင်မှု အခြေအနေ၊ သဲဖြူချောင်းတံတားကြံ့ခိုင်မှုနှင့် ရေတိုက်စားမှုအခြေအနေ၊ ဒုံးညှင်းနွယ်တံတား ကြံ့ခိုင်မှုအခြေအနေနှင့် ဘီးလင်း နတ်ကြီးလမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စု ဆောင်းသီးနှံမြေပဲခင်း၌ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် မြေဩဇာစုပေါင်းကြဲပက်နေမှု၊ စပါးရိတ်သိမ်းနေမှုနှင့် စပါးအထွက်တိုးနှုန်း စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

လှည့်လည်ကြည့်ရှု

ထို့မှတစ်ဆင့် တိုင်းမှူးသည် သထုံမြို့နယ် ဂေါ့ကျေးရွာအုပ်စု နွေစပါးထွန်ယက်နေမှု၊ မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှုနှင့် ပဲစုပေါင်းစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုပြီး ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စု ဆောင်းသီးနှံသရုပ်ပြစိုက်ပျိုးပွဲ အခမ်းအနားသို့ ရောက်ရှိ၍ မိုးစပါးစုပေါင်းရိတ်သိမ်းခြွေလှေ့နေမှုနှင့် ဆောင်းသီးနှံကြားနေကြာစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးH E Mr Along Korn Ponlaboot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေကြောင်းလိုင်းနှင့် ရေကြောင်းဆိုင်ရာ ဆိပ်ကမ်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေး ခဲ့ကြသည်။ (အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးဝင်း ခန့်နှင့် တာဝန်ရှိသူများ တက်ရောက် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်တက္ကသိုလ်/ကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၀

မော်လမြိုင် တက္ကသိုလ်/ကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မော်လမြိုင် တက္ကသိုလ်/ကောလိပ်တွင် တစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီဇင်ဘာ ၂၀ရက်တွင် အသက်(၆၅)နှစ် ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

ဒိုက်ဦး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ဒိုက်ဦးမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဒိုက်ဦးမြို့ အထက အောင်ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ချီးမြှင့်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေနှင့် ပစ္စည်းများကို အထက ဒိုက်ဦး ဖုန်း-၀၅၂-၄၀၀၂၈၊ ဦးကြည်မြင့် (ရန်ကုန်) ဖုန်း-၀၉-၅၁၈၇၃၆၃၊ ဦးမြင့်တင် (ရန်ကုန်) ဖုန်း-၀၁ ၇၂၆၀၉၁၊ ဦးသက်နောင် (ရန်ကုန်) ဖုန်း-၀၁-၂၂၄၃၄၅၊ ဒေါ်ဌေးဌေးဝင်း (ရန်ကုန်) ဖုန်း-၀၁-၂၄၀၅၆၆၊ ဦးဇော်မင်း (ရန်ကုန်) ဖုန်း-၀၉-၉၉၂၃၄၈၊ ဦးကျော်ဝင်းသိန်း (ရန်ကုန်) ဖုန်း-၀၉-၅၁၁၈၇၄၆၊ဦးချစ်ဆွေ (ပဲခူး)ဖုန်း-၀၅၂-၂၃၉၄၄၊ ဦးမြတ်သူ(ပဲခူး) ဖုန်း-၀၅၂-၂၂၉၈၅၊ ဦးမောင်မောင်တင် (တောင်ကြီး) ဖုန်း-၀၈၁-၂၂၂၈၃၊ ဦးမျိုးမင်း (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၈၉၊ ဦးဇော်ထိုက်အောင်(ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၅၂၊ ဦးအောင်ကြီး(ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၄၈၃နှင့် ဦးသန်းနိုင်(ဒိုက်ဦး)ဖုန်း-၀၅၂-၄၀၂၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

YMBA အသင်းကြီး သက်ကြီးပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

YMBA အသင်းကြီး၏ (၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် မြန်မာစာ ပညာရည်ချွန်ဆုရရှိသူ ငါးဦးတို့အား ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉နာရီတွင် အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် အသက်(၇၅)နှစ်အထက် အပူဇော်ခံ ပုဂ္ဂိုလ်ကြီးများ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိုးရာသီ ဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှ တောင်သူများ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့သော ၂၀၀၉ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၉၆၀၃ ဒသမ ၁၀ သန်းအား သီးနှံပေါ်ချိန်မှ စတင်ကောက်ခံပြီး သတ်မှတ်ရက်အတွင်း ပြေကျေစွာကောက်ခံရရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ရက်က ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ဘဏ်ခွဲ၌ ကျင်းပရာ ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သတ်မှတ်ချိန်အတွင်း တိုင်းလုံးကျွတ် ပြန်လည်ကောက်ခံရရှိရန်၊ အတိုးအပြည့်အဝ ရရှိရန်နှင့် အလွဲသုံးစားမှု မရှိစေရန် တို့အတွက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်တိုင်း မန်နေဂျာ ဦးဉာဏ်ဝင်းနှင့် မြို့နယ်မန်နေဂျာများက ချေးငွေများ ပြန်လည်ကောက်ခံမည့် အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန် တတိယ၊ မြန်မာစာ ထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မသစ္စာခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ညောင်ကျိုး အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ညောင်ကျိုး အထက ငဝန်ဧရာခန်းမ၌ ဒီဇင်ဘာ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၆၁၈၃၀၀၊ ဦးအေးကျော် ဖုန်း-၀၉-၅၁၃၁၂၆၀၊ ဦးကျော်စိန် ဖုန်း-၀၁-၅၇၇၆၁၂၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၂၆၅၅၇၊ ဒေါက်တာဌေးဝင်း ဖုန်း-၀၉-၈၅၅၃၇၇၂၊ ဦးတင်အုန်း ဖုန်း-၀၉ ၈၅၈၇၆၃၉၊ ကိုထက်အောင် ဖုန်း-၀၉ ၈၀၃၂၅၄၀နှင့် ကိုအောင်ကိုလတ် ဖုန်း-၀၉-၅၁၈၇၁၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ဗီယင်ကျန်းမြို့ရှိ သမ္မတရုံးသို့ သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr Choummaly Sayasone နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr Thongloun Sisoulith၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး Mr Somphon Mongkhonvilay၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး Mr Hiem Phommachanh၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr Kouily A Souphakhet နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ **Mr. Choummaly Sayasone** အား ဗီယင်ကျန်းမြို့ရှိ **သမ္မတရုံး**၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့်ယာပုံ)

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက်

တွေ့ဆုံ နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် **Mr. Bouasone Bouphavanh** အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr Bouasone Bouphavanh နှင့်အတူ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr Somphong Mongkhonvilay၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr Alounkeo Kittikhoun၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr Kouily A Souphakhet နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့ဘူတာရုံ၌ စမ်းသပ်ခရီးစဉ်ပြေးဆွဲမည့် မြန်နှုန်းမြင့်ရထားများကို ဒီဇင်ဘာ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် ကော်ဖီတင်ပို့မှု တိုးမြင့်လာ

ဟနွိုင်း ဒီဇင်ဘာ ၁၀

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၁ လအတွင်း ကော်ဖီ ၁ ဒသမ ၀၂ သန်းတန်တင်ပို့ခဲ့ကြောင်း၊ ကော်ဖီတင်ပို့မှုသည် နှစ်စဉ် ၁၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်စာရင်းစစ်ရုံးက ဒီဇင်ဘာ ၉ ရက်တွင် ဖော်ပြသည်။

နိုင်ငံ၏ကော်ဖီတင်ပို့မှုမှာ၂၀၀၉ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁ ဘီလီယံရရှိခဲ့ပြီး လွန်ခဲ့သောနှစ် အလားတူကာလကထက် ၁၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ယင်းဌာနက ပြောကြားသည်။

နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံသည် ပြည်ပဈေးကွက်များသို့ ကော်ဖီတန် ၈၀၀၀၀ ရောင်းချခဲ့ပြီး အောက်တိုဘာလကိန်းဂဏန်းထက် ၄၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သောလက ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၅ သန်း ရရှိခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံသည် ယခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုလုပ်ငန်းအတွက် အကြီးဆုံးဈေးကွက်ဖြစ်ခဲ့သည်။

အင်တာနက်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ပါကစ္စတန်၌ လူ ၇၀ ကျော်သေဆုံး

လာဟိုး ဒီဇင်ဘာ ၁၀

ပါကစ္စတန်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုများနှင့် အစိုးရရုံး အဆောက်အအုံများကို အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ရာ လာဟိုးမြို့ လူစည်ကားရာဈေးတစ်ခုအတွင်း ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဆင့်ကဲ ဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၅၄ ဦး သေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်များက အင်္ဂါနေ့တွင်ပြောကြားသည်။

အလားတူ ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း မူလ်တန်မြို့ရှိ ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးရုံး အဆောက်အအုံကို စစ်သွေးကြွများကအကြမ်းဖက် တိုက်ခိုက်ခဲ့ရာအနည်းဆုံး လူ၁၂ဦးသေဆုံးခဲ့ကြောင်း သိရသည်။

စစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံအတွင်းပိုင်းရှိ အစိုးရရုံးအဆောက်အအုံများကို အဓိက ဦးတည်တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာကြကြောင်း သတင်းများတွင်ဖော်ပြသည်။

အင်တာနက်။

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား လူလေးဦးသေဆုံး၊ ၁၈ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဒီဇင်ဘာ ၉ ရက်က သီးခြားနှစ်နေရာ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း အယ်လ်ကာဟီရာ ရပ်ကွက်အတွင်း မောင်းနှင်လာသော ခရီးသည်တင် မီနီဘတ်စ်တစ်စီး၌ ထောင်ထားသည့် ဗုံးပေါက်ကွဲခြင်းကြောင့် ခရီးသည်နှစ်ဦး သေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ

အလားတူပင် ဘဂ္ဂဒက်မြို့ မြောက်ပိုင်း အက်ဟာမီယတ်ရပ်ကွက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးထပ်မံသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တွင် အသေခံ ကားဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၁၂၇ ဦး သေဆုံးပြီး ၄၄၈ဦး ကျော် ဒဏ်ရာရရှိမှုဖြစ်ပွားပြီး တစ်ရက်အကြာတွင် အဆိုပါ တိုက်ခိုက်မှုများ ဖြစ်လာခဲ့သည်ဟုဆိုသည်။ အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော ခရီးသည်တင်ယာဉ်ကို ဒီဇင်ဘာ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ရုတ်တရက် ရေလွှမ်းမိုး ခြောက်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

ဂျကာတာ ဒီဇင်ဘာ ၁၀

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မြောက်ဆူလာဝေစီပြည်နယ်တွင် ဒီဇင်ဘာ ၈ ရက်က ရုတ်တရက်ရေလွှမ်းမိုးခြင်းကြောင့် လူခြောက်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာပြင်းထန်စွာရရှိကြောင်း၊ လူပေါင်း ၇၀၀ ကျော်အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး အိမ်ခြေများစွာ ပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

ယင်းပြည်နယ်အတွင်းရှိ ဆီတာရိုကျွန်း၌ ဒေသစံတော်ချိန် ည ၁၁ နာရီခန့်က အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရုတ်တရက် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိမ် ၃၄ လုံးမှာ မျောပါသွားပြီး ၁၇ လုံးမှာ ဆိုးရွားစွာပျက်စီးကာ တံတားတစ်စင်းလည်း ပြိုကျခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

ဘဂ္ဂဒက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ၊ စည်ပင်ဝန်ထမ်းနှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ အမှိုက်ပုံအတွင်းထောင်ထားသော ဗုံးပေါက်ကွဲရာ လူနှစ်ဦးသေဆုံးခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဇာမီရက်ဒေသတွင် ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက စည်ပင်သာယာရေးဝန်ထမ်းများ လမ်း၌ သန့်ရှင်းရေးလုပ်နေချိန် ဗုံးပေါက်ကွဲမှုဖြစ်ခဲ့ရာ စည်ပင်ဝန်ထမ်းနှစ်ဦးသေဆုံးပြီး လမ်းသွားလမ်းလာ သုံးဦးဒဏ်ရာရရှိခဲ့သည်။ဘဂ္ဂဒက်မြို့တွင် အစိုးရအဆောက်အအုံများကို ဦးတည်၍ ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့အပြီး နောက်တစ်နေ့တွင် အမှိုက်ပုံအတွင်း ဗုံးပေါက်ကွဲခဲ့သည်။ အစိုးရအဆောက်အအုံများကို ဗုံးဖောက်ခွဲတိုက်ခိုက်ရာ လူ ၁၂၇ ဦး သေဆုံးပြီး ၅၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မြောက်ဆူလာဝေစီပြည်နယ်တွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေသည်ကို ဒီဇင်ဘာ ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်မှု ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ၁၀ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မျိုးနွယ်စုဒေသတွင် ဒီဇင်ဘာ ၉ ရက် နံနက်က အမေရိကန်မောင်းသူမဲ့ လေယာဉ်၏ တိုက်ခိုက်မှုကြောင့် လူ ၁၀ ဦးသေဆုံးခဲ့သည်ဟု လုံခြုံရေးနှင့် ထောက်လှမ်းရေးဌာနက သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နယ်စပ် တောင်ဝါဇီရစ္စတန်နယ်မြေ လက်ဒ်ဟာဒေသတွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ပြည်ပနိုင်ငံသား သုံးဦးအပါအဝင် ၁၀ ဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့တပ်ဖွဲ့အင်အား ၃၀၀၀၀ ထပ်မံစေလွှတ်မည်ဟု အမေရိကန်သမ္မတအိုဘားမားက ပြောကြားခဲ့ပြီး နောက်မှစ၍ တောင်ဝါဇီရစ္စတန်ဒေသတွင် မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်မှု နှစ်ကြိမ်ရှိခဲ့သည်။ မြောက်ဝါဇီရစ္စတန်ဒေသ အနီးတစ်ဝိုက်ကို ဒီဇင်ဘာ ၈ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် လူသုံးဦး ထက်မနည်း သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

နယူးဇီလန်မြောက်ကျွန်းစု၌ ငလျင်လှုပ်

ဝယ်လင်တန် ဒီဇင်ဘာ ၁၀

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းစု၌ ဒီဇင်ဘာ ၉ ရက်က ရစ်ချ်တာစကေး ၅ဒသမ၁အဆင့်ရှိအင်အားအသင့်အတင့် ငလျင်လှုပ်သွားကြောင်း သတင်းများက ဖော်ပြသည်။

ငလျင်ကြောင့် ပျက်စီးခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်းတို့ကို ဖော်ပြခြင်းမရှိပေ။ ငလျင်သည် ဝယ်လင်တန်၊ ဝီရာရာပါနှင့် ကာပီတီကမ်းခြေတို့တွင် လှုပ်သွားကြောင်း ဂျီအင်န်အက်စ်က ပြောကြားသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၉ မိနစ်က ပင်လယ်ပြင်အောက်ကီလိုမီတာ ၅၀အနက်၌ ဖြစ်ပေါ်ခဲ့ကြောင်း နယူးဇီလန်နိုင်ငံ ဘူမိဗေဒနှင့် ချူကလီးယားသိပ္ပံ တက္ကသိုလ် (ဂျီအင်န်အက်စ်) က ဖော်ပြသည်။

ငလျင်သည် အိုတာကီဒေသ အနောက်မြောက်ဘက် ကီလိုမီတာ ၃၀ အကွာရှိ ဝင်ဂါညူရီချိုင့်ဝှမ်းကို ဗဟိုပြုလှုပ်သွားသည်။ အင်တာနက်။

အမေရိကန်နိုင်ငံသားငါးဦး ပါကစ္စတန်ဖမ်းဆီး

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၀

အကြမ်းဖက် အဖွဲ့အစည်းများနှင့် ဆက်နွယ်ဖွယ်ရှိသော အမေရိကန် နိုင်ငံသားငါးဦးကို ပါကစ္စတန် အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ဖမ်းဆီးခဲ့ပြီး စစ်ဆေးမေးမြန်းလျက်ရှိကြောင်းသိရသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များက ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်း ဆာဟိုဒါခရိုင်ရှိ အစွန်းရောက်အုပ်စုတစ်စုနှင့် ပတ်သက်သူတစ်ဦး၏ နေအိမ်ကို စီးနင်း တိုက်ခိုက်စဉ် အမေရိကန် ငါးဦးခန့်ကို ဖမ်းဆီးမိခဲ့ကြောင်း သတင်းများအရ သိရသည်။

ဖမ်းဆီးခံရသူ အမေရိကန်နိုင်ငံသားများသည် အမည်အမျိုးမျိုးဖြင့် ပြုလုပ်ထားသော နိုင်ငံကူးလက်မှတ်များ ကိုင် ဆောင်ထားပြီး အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်နေဖွယ်ရှိကြောင်း ဆာဟိုဒါခရိုင် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အဆိုပါ အမေရိကန်ငါးဦးသည် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် မြောက်ပိုင်းတွင် နေထိုင်သူများ ဖြစ်သည်။ ၎င်းတို့ ငါးဦးသည် ပြီးခဲ့သည့် နိုဝင်ဘာ လအတွင်းကပင် အမေရိကန်နိုင်ငံအတွင်း မှ ရုတ်တရက်ပျောက်ကွယ်သွားသူများ ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြ သည်။ အင်တာနက်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ **ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန်** ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျိုင်းတုံလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ **Wattay အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ ပစိဖိတ်နှင့် အာဖရိကရေးရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr Viroj Sundara တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လေယာဉ်လှေကားထိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr Somphong Mongkhonvilayနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအစိုးရ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်၊ မြန်မာနိုင်ငံသံရုံးမှ သံရုံးဝန်ထမ်းများနှင့် စစ်သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အားကစားရွာသို့ ရောက်ရှိကြပြီး (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစား အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခေတ္တတည်းခိုမည့် Lao Plaza ဟိုတယ်သို့ ရောက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်**တစ်သ**မ္မတနိုင်ငံ ဗီယင်ကျန်းမြို့ **Wattay** အပြည်ပြည်ဆိုင်ရာလေဆိပ်၌ **လာ**အိုပြည်သူ့ဒီမိုကရက်**တစ်**သမ္မတ**နိုင်**ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး **Mr. Somphong Mongkhonvilay** နှင့် **အားက**စားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်**သူ**ရအေးမြင့်တို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ကြိမ်မြောက် အရှေ့**တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစား** အဖွဲ့ဝင်များအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် လာအိုအမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး **Mr. Somphong Mongkhonvilay**၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Kouily A. Souphakhet** တို့ နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် လာအို အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအားတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒီဇင်ဘာ ၉ရက် ညနေ ၅နာရီတွင် ဗီယင်ကျန်းမြို့ Lao Plaza ဟိုတယ်ဧည့်ခန်းမ၌ လာအိုအမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr Somphong Mongkhonvilay နှင့် ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး Mr Kouily A Souphakhet တို့အား တွေ့ဆုံပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွက်
(၁၃-၁၂-၂၀၀၉)ရက်နေ့
နှင့်
(၂၇-၁၂-၂၀၀၉)ရက်နေ့

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၂-၂၀၀၉ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "လူတိုင်းအတွက် ဝိပဿနာ" တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ Science Tech Today
- ၈း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၂၃)
- ၈း၃၀ Sports World (Football Asia)
- ၈း၄၅ ကျေးဇူးကြီးလှမိနှင့်ဖ (အကယ်ဒမီ ရဲအောင်၊အကယ်ဒမီ ဇော်ဦး၊ဦးဝင်းမြင့်၊ကျော်ဇေယျ၊ အကယ်ဒမီမြတ်ကေသီအောင်၊ စိုးမိုးကြည်၊မျိုးစန္ဒီကျော်၊ ပန်ဆုပြည့်ကျော်) (ဒါရိုက်တာ-ခတ်ပုံ ရဲမြင့်လွင်)
- ၉း၂၀ Activities In The City (C' CARE ကံစမ်းပွဲ)
- ၉း၃၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ထပ်ဆင့်အကယ်ဒမီ ခင်ယုမေ)
- ၁၀း၄၀ အမှတ်(၁) စက်မှုဝန်ကြီးဌာနရဲ့ မြတ်သောအလှူ မြင်စိုင်းနန်းဦးစေတီတော်
- ၁၁း၀၀ ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်)
- ၁၁း၂၀ အဆင်းရောအချင်းပါ ပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
- ၁၁း၄၅ VJ Choice
- ၁၂း၁၅ စာအုပ်စာပေ လူ့မိတ်ဆွေ (ဒေါက်တာ ဒဂုန်ခင်သဇင်) (အပိုင်း- ၂)
- ၁၂း၄၀ Activities In The City (C ' CARE ကံစမ်းပွဲ)
- ၁း၀၀ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အား**က**စားပြိုင်ပွဲ **အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (လာအိုနှင့်မလေးရှား)**
- ၂း၅၀ World of Knowledge (တရုတ်ပြည်သို့ အလည်တစ်ခေါက်)
- ၃း၁၅ **(၂၅)ကြိမ်မြောက် အရှေ့တောင်** အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗီယက်နမ်နှင့်ထိုင်း)
- ၅း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ချစ်စရာနှင့် တွေ့ဆုံခြင်း) (အပိုင်း -၂)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၁)
- ၇း၁၀ လှပသစ်ဆန်း အလှပြင်ခန်း (Queen Hair& Beauty Spa)
- ၇း၂၅ FMF Selection
- ၇း၄၅ Science Tech Today
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ VJ Choice
- ၉း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ချစ်စရာနှင့် တွေ့ဆုံခြင်း) (အပိုင်း -၂)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ** "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၂၃)
- ၁၀း၀၀ ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်)
- ၁၀း၁၅ လှပသစ်ဆန်း အလှပြင်ခန်း (Queen Hair& Beauty Spa)
- ၁၀း၃၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
- ၁၁း၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၂၀ Say It In English
- ၁၁း၃၀ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
- ၁၁း၄၅ ပန်းပုပန်းချီ တုမမီအောင်လက်ရာ စုံပေသည်. . .
- ၁၁း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး**VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လာရောက် တွေ့ဆုံ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ချန်ဒူးစစ်ဒေသမှ **Lieutenant General Ai Husheng** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ Lieutenant General Ai Husheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ Lieutenant General Ai Husheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဒီဇင်ဘာ ၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ ကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြပြီး ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိကာ ကျိုင်းတုံမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် တွေ့ဆုံဆွေးနွေးကြကာ ညပိုင်းတွင် တိုင်းမှူးက ရွှေတြိဂံရိပ်သာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ချန်ဒူးစစ်ဒေသမှ Lieutenant General Ai Husheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၇ ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၈ ရက်တွင် မန္တလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်သို့ ဝင်ရောက်ကြည့်ရှုလေ့လာကြရာ ကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ လားရှိုးမြို့သို့ ရောက်ရှိကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တွေ့ဆုံဆွေးနွေးကြကာ ညပိုင်းတွင် တိုင်းမှူးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တည်ခင်းဧည့်ခံ

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက်တွင် လားရှိုးမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီးနောက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ ညပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ကြူကြူသင်း၏ "သိဂ်ီရ ရသဝတ္ထုတိုများ"၊ စာပဒေသာဆုတွင် ယိမ်းနွဲ့ပါး၏ "ခါကာဘိုခရီးသည်"၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၏ "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့"၊ ကလေးစာပေဆုတွင် ရေနံမြေမောင်မောင်ကြည်၏ "ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ)"၊ လူငယ်စာပေဆုတွင် ကျွန်းစဉ်မြေစောခက်၏ "ကုသိုလ်အရောင် ဆိုးပေးပါ"၊ ဘာသာပြန်(သုတ)စာပေဆုတွင် တော်ကောင်းမင်း၏ "ကျန်ဇီမင်း သို့မဟုတ် တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ"၊ ဘာသာပြန်(ရသ) စာပေဆုတွင် ဝင်းထွဋ်ဖော်၏ "ပါဝါကျဆုံးခြင်းနှင့် စင်ကာပူ ဘဝရနံ့ဝတ္ထုတိုများ"၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ဒေါက်တာဒဂုန်(Ph D)(Astro)(Kol)၏ "ရာဇဝင်ထဲမှာ ပုဏ္ဏား"၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ဒေါက်တာကျော်တင့်၏ "ပြည်သူအတွက် သစ်တောပညာ"နှင့် သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် အောင်စိုး(စိုက်ပျိုး/၁၀၇)၏ "ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ"တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ်၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုများချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

နှိုးဆော်ထား

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ်-၀၁-၃၈၁၄၄၈ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် ၅ လက်မ x ၇ လက်မ ရောင်စုံဓာတ်ပုံတစ်ပုံနှင့် ၁ လက်မ x ၁ လက်မအရွယ် တစ်ပုံစီကို (တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု စာရေးဆရာကြီး ဒေါက်တာကျော်စိန်(ဒေါက်တာကျော်စိန်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ	ထုတ်ဝေသူ
၁	ဝတ္ထုတိုပေါင်းချုပ်	သိဂ်ီရ ရသဝတ္ထုတိုများ	ကြူကြူသင်း	နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
၂	စာပဒေသာ	ခါကာဘိုခရီးသည်	ယိမ်းနွဲ့ပါး	နန်းဒေဝီစာပေ
၃	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့	မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)	စာပေဗိမာန်
၄	ကလေးစာပေ	ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ)	ရေနံမြေ မောင်မောင်ကြည်	ရဲအောင်စာပေ
၅	လူငယ်စာပေ	ကုသိုလ်အရောင်ဆိုးပေးပါ	ကျွန်းစဉ်မြေစောခက်	စာပေဗိမာန်
၆	ဘာသာပြန်(သုတ)စာပေ	ကျန်ဇီမင်း သို့မဟုတ် တရုတ်ပြည်ကိုပြောင်းလဲခဲ့သူ	တော်ကောင်းမင်း	သီဟရတနာစာပေ
၇	ဘာသာပြန်(ရသ)စာပေ	ပါဝါကျဆုံးခြင်းနှင့်စင်ကာပူ ဘဝရနံ့ဝတ္ထုတိုများ	ဝင်းထွဋ်ဖော်	ယုံကြည်ချက်စာပေ
၈	သုတပဒေသာ(ဝိဇ္ဇာ)	ရာဇဝင်ထဲမှာ ပုဏ္ဏား	ဒေါက်တာဒဂုန် (Ph D) (Astro)(Kol)	သမီးဇောတိကစာပေ
၉	သုတပဒေသာ(ရိုးရိုးသိပ္ပံ)	ပြည်သူအတွက်သစ်တောပညာ	ဒေါက်တာကျော်တင့်	လင်းဦးတာရာစာပေ
၁၀	သုတပဒေသာ(အသုံးချသိပ္ပံ)	ဖွံ့ဖြိုးဝေဆာ ခေတ်သစ် စိုက်ပျိုးရေးရာ	အောင်စိုး (စိုက်ပျိုး/၁၀၇)	စာပေဗိမာန်

လုပ်ငန်းခွင်ဝင် Software Engineering သင်တန်းဖွင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၀

Software Designer ကောင်းတစ်ယောက်အနေဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများနှင့် Software Developer ဖြစ်လိုသူများ လက်တွေ့အသုံးတည့်စေမည့် လုပ်ငန်းခွင်ဝင် Software Engineering သင်တန်းကို KMD Computer သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

မြန်မာလူငယ်များအနေဖြင့် Software Development နည်းစနစ်များကို အခြေခံကျကျ သိရှိပြီးရုံမျှမက လက်တွေ့လုပ်ငန်းခွင်တွင် ကြုံတွေ့ရမည့်အခက်အခဲများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေရှင်းတတ်စေရန်နှင့် ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းကာလအတွင်း စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် Software တစ်ခုကို မည်သို့အကောင်အထည် ဖော်ရမည် ဆိုသည့်နည်းပညာများကို နားလည်သဘောပေါက်ပြီး နောင်တွင်ထွက်ပေါ်လာမည့် Programming Software များနှင့် နည်းပညာများကိုလည်း မိမိတို့ကိုယ်တိုင် လေ့လာသိရှိနိုင်စေမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက Programmer, System Analyst, Software Engineer များအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို ၂၀၀ ၉ခုနှစ် ဒီဇင်ဘာလအတွင်း Mon-Fri အတန်းများအပြင် Sat-Sun အတန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ (၄)လခွဲကြာမြင့်မည်ဖြစ်သည်။

သင်တန်းသားဦးရေကန့်သတ်ထား၍ စိတ်ဝင်စားသူများသည် KMD Computer Centre အမှတ် (၅၅၀-၅၅၂) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၄၉၁၅၅၊ ၃၈၁၀၃၅နှင့် ၇၀၀၈၉၅ သို့အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေတာရီ ဝတ္ထုတိုပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၀

မြဝတီစာပေတိုက် ငွေတာရီမဂ္ဂဇင်းက ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ကလောင်သစ်များအတွက် ငွေတာရီမဂ္ဂဇင်း စွန့်စားခန်းဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ကလောင်သစ်စွန့်စားခန်းဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုကို 'စွန့်စားခန်း' ဝတ္ထုတိုစာမူကို ရေးသားသူ စောခူအေးက ရရှိပြီး ဒုတိယဆုကို 'ချီနာထလ်း(မ်)ရုံး(သို့မဟုတ်) မရဏသစ်ပင်ကြီး' ဝတ္ထုတိုစာမူကို ရေးသားသူ ခိုင်ယွန်းခင်နှင့် တတိယဆုကို 'ဧရာဝတီ၏ မနက်ဖြန်များ' ဝတ္ထုတိုစာမူကို ရေးသားသူ ခင်ဦး(ပုတီးကုန်း)တို့က ရရှိကြသည်။

ဆုပေးပွဲအခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြဝတီစာပေတိုက်သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကြည့်ရှု စစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့တန် (၁၅၀) ကျ မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်) ရှင်းလင်းဆောင်ရွက်ရပ်မှ မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း တစ်နေ့တန် (၁၅၀) ကျ မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ရုံ ရှင်းလင်းဆောင်ရွက်၌ စက်ရုံမှူး ဦးစောအောင်က ယင်းစွဲတောင်မှ ကုန်ကြမ်းရရှိနိုင်မှု၊ မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ ရောက်ရှိမှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်ရွက်ရပ်မှ မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သံရည်ကျိုမီးဖိုနှင့် မှန်ရည်ကျိုမီးဖို၊ စက်ပစ္စည်းသိုလှောင်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မှန်စက်ရုံစီမံကိန်းကို ပြည်တွင်းသယံဇာတ ကုန်ကြမ်းပစ္စည်းများအား အကျိုးရှိစွာ အသုံးပြု၍ အဆင့်မြင့်မှန်များ ထုတ်လုပ်သွားရန်၊ ခေတ်မီမှန်ထုတ်လုပ်မှုနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန်၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ နိုင်ငံခြားငွေချွေတာသက်သာစေရန်နှင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်တည်ဆောက်ခဲ့ပြီး ကုန်ချောမှန်များဖြစ်သည့် အရောင်မှန်၊ လွှာထပ်မှန်၊ လုံခြုံရေးမှန်နှင့်ကျည်ကာမှန် အထူအပါး အရွယ်အစားအမျိုးမျိုးတို့ကို တစ်နေ့လျှင် ၁၁၇ တန် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် ကျောက်ဆည် စက်ရုံများနယ်မြေ၊ ကျောက်ဆည်ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုရည်မှန်းချက်များ လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ကြရန်၊ စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုနှင့် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် စီမံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ငူ အထက(၁) (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၀

တောင်ငူမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားကို ကျင်းပရေးကော်မတီက ကြီးမှူး၍ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားသို့ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုကြသူများသည် ဦးကျော်သူရ ဖုန်း- ၀၉-၅၁၀ ၅၄၁၁၊ ဦးမောင်မြ ဖုန်း- ၀၉-၅၃၅၁၀၇၇၊ ဦးအေးကျော် ဖုန်း-၀၉-၅၃၅၂၃၃၄၊ ဦးထွန်းသူရိန် ဖုန်း-၀၉-၅၃၅၁၃၂၂၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃၅၁၄၃၈ နှင့် ဦးတင်မောင်မောင် ဖုန်း-၀၉-၅၁၄၈၃၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၄၇၂)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မြောက်ဥက္ကလာပမြို့နယ် **ဘုန်းကြီးလမ်း သုဓမ္မာအားကစားကွင်း၌ကျင်းပရာ** အမှတ်(၁)စက်မှုဝန်ကြီးဌာန ပလတ်စတစ်စက်ရုံအမှတ်(၁) စက်ရုံမှူး ဦးအောင်စိုးနှင့် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ကြီးကြပ်ဆောင်ရွက်

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် **ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော** (ကျေးလက်) သရော်တော ရေကန်တူးဖော်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၀ ရက်က အမှုဆောင်အရာရှိ **ဦးဦးစောထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ** ဦးမောင်မောင်လွင်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒုတိယအကြိမ် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ၆ရက်တွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် (အပေါ်ပုံ) နှင့် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ(အငြိမ်းစား) ဦးကျော်မြင့်က Development of Commodity Exchange Centersin Myanmar စာတမ်းကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ သုတေသနအရာရှိ ဒေါက်တာဒေါ်မြမြသန်းက ကုန်စည်ဒိုင်များ၌ စံနှုန်းမီသည့် ထုတ်ကုန်များ ရောင်းဝယ်ဖောက်ကားနိုင်ရေးနှင့် အရည်အသွေးထိန်းသိမ်းသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စာတမ်းကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်က ကုန်စည်ဒိုင်များ၏ ကုန်ပစ္စည်းဈေးနှုန်းများဆိုင်ရာ ကွန်ပျူတာစနစ် စာတမ်းကိုလည်းကောင်း၊ အကြီးတန်းသုတေသနမှူး ဒေါက်တာမောင်အောင်က The Role of Commodity Spot Exchange စာတမ်းကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်က လက်ကား ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူစာတမ်းကိုလည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများရှိ ကုန်သည်စက်မှုအသင်းများနှင့် လက်ကားကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးကြပြီး စာတမ်းရှင်များနှင့် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ဦးတိုးအောင်မြင့်၊ ဦးအောင်သန်းဦးနှင့် ဦးထွန်းလွင် တို့က ဆွေးနွေးချက်များကို ပြန်လည်ဖြေကြားကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းဘညဏ်က ပထမအကြိမ် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြဆွေးနွေးပြီး တာဝန်ရှိသူများက ပြည်နယ်နှင့်တိုင်းများတွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်ထားရှိမှု၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်မှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ကုန်စည်ဒိုင်များ ထပ်မံဖွင့်လှစ်မည့် အစီအစဉ်တို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းဘညဏ်တို့၏ ဦးဆောင်မှုဖြင့် ဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်၍ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များအကြောင်း (အာဖရိကတောတွင်း ရိုက်ကူးမှု အတွေ့အကြုံ မှတ်တမ်းများ) (အပိုင်း-၁)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၄။ "ရွာ" **ဟာ**သဇာတ်**လ**မ်းတွဲ -တို့လည်းကြောက်ပေါင် အ**တူ**သွားစို့ (သရုပ်ဆောင်-မေတ္တာ၊ **ပေါ်လေး၊ နိုင်ဝင်း၊ကဏန်း)**
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** - မုန်းမုန်း**မေ့**မေ့ (အပိုင်း-၂၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) လူမောင် ဆေး (၁) သတိရနေမှာပါ (အပိုင်း-၂)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** -လှုပ်လှုပ်ရှားရှား **ပစ်မှတ်**များ **(အ**ပိုင်း-၂၃)
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြား

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် **Lao Plaza** ဟိုတယ် **Plaza(1)**ခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် **ယမန်နေ့ ညနေ ၃ နာရီ ၁၅မိနစ်တွင်** Lao Plaza ဟိုတယ် Plaza (1)**ခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံ မှာကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့်ဇနီး၊ စစ်သံမှူး(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး ဝင်းလှိုင်နှင့် ဇနီးတို့ အမှူးပြုသော မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များအား မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအလားအလာများ၊ နိုင်ငံတော်၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နှုတ်ဆက်အားပေးခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ **Lao Plaza** ဟိုတယ်မှ **မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ** နံနက် ၉ နာရီ ၄၅ မိနစ်တွင် **Wattay အပြည်ပြည်ဆိုင်ရာ** လေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr Somphong Mongkhonvilvay၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီးဝင်းလှိုင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၂၀ ၇။ အကပြိုင်ပွဲ
- ၈း၃၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "နောက်မကျရအောင်"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်း အထူးပြု) (သမိုင်း)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ "မျှော်သူမမောစေချင်"
- ၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၄၀ ၁၀။ ပဋ္ဌလက်ကျောင်းတော်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ "ခရီးဆက်နေဦးမည် ရွှေညာဆီ"
- ၆း၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၆း၄၅ ၁၅။ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
- ၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလောင်းရိပ်" (အပိုင်း-၂၀)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" **(အပိုင်း-၈၂)**
- ၂၁။ သီချင်းချစ်သူ (No အဖွဲ့)
- ၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းအား ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား (၁၂)ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကာဆစ်ပီရိုးမြနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ ညနေ ၃နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့တွေ့ဆုံရာတွင်မြန်မာနှင့်ထိုင်း နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၀

TV Guide အတွဲ (၁)၊ အမှတ် (၂၃)ကို ဒီဇင်ဘာ ၁၁ရက် (သောကြာနေ့) တွင် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide တွင် Channel V ရုပ်သံလိုင်း၌ပြသမည့် Jolin Tsai ၏ Video Scope အစီအစဉ်အကြောင်း၊ MTV ရုပ်သံလိုင်းတွင် ပြသမည့် Katy Perry ရဲ့ MTV Unplugged Show အစီအစဉ်၊ ESPN နှင့် STAR SPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် လီဗာပူးလ်-အာဆင်နယ်၊ တော့တင်ဟမ်-ဝုဖ်၊ ချဲလ်ဆီး-အဲဗာတန်၊ မန်ယူ-အက်စတွန်ဗီလာ၊ စတုတ်-ဝီဂန်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ ESPN ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် NBA Regular Season အကြောင်း၊NGC ရုပ်သံလိုင်းတွင် ပြသမည့် Racing To America; Montoya's Chase Nascar ပြိုင်ပွဲအကြောင်း၊ Nat Geo Adventure ရုပ်သံလိုင်းတွင် ပြသမည့် Road Less Travels အစီအစဉ်အပိုင်းတွင် (၂၅) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပနေသည့် လာအိုနိုင်ငံကို ဖြတ်သန်းသွားမည့်အကြောင်း၊ MRTV-4 ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အများမြင်စရာ နှစ်ပါးသဘင် မဟာအပိုင်း -၂ အစီအစဉ်အကြောင်း၊ Fashion Music Festivalရဲ့ Hair ဖက်ရှင်၊ ချစ်စနိုးဦး ပါဝင်ဖျော်ဖြေထားပြီး ဂျေမောင်မောင် သီဆိုထားသည့် အစီအစဉ်တွင် မော်ဒယ်လေးများ၏ ရွှေရောင်ဖက်ရှင်များအား မြင်တွေ့ရမည့်အစီအစဉ်အကြောင်းများနှင့် ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်အား တစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် City Martများ၊ စိန်ဂေဟာစင်တာများ၊ Shopping Centreများ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွှတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြား လမ်းညွှန်ကို Novel Light Express (Tel; 391186,243893) ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် ၁၉၆၆-၁၉၇၀ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၀

၁၉၆၆-၁၉၇၀ စာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၉ ရက်(စနေနေ့) နံနက် ၈နာရီတွင် Western Park-l (သခင်မြပန်းခြံ)၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၃၇၉၆၂၊ ၀၁-၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၁၁၃၁၉၅၊ ၀၁-၂၉၆၅၆၅၊ ဒေါ်ညို မီကြည် ဖုန်း-၀၉-၅၀၀၃၀၉၂၊ ၀၁-၅၈၀၂၅၈၊ ဒေါ်ဆွေတင်ဝင်း (မန္တလေးမြို့) ဖုန်း-၀၂-၃၆၉၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ပညာဘာဏ်တိုက် စာကြည့်တိုက်

ကျောဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဟိုတယ်နှင့် ခရီးသွားလာရေး
လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်
အုန်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး
းညွှန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၅နာရီ မိနစ် ၄၀တွင်
ဗီယင်ကျန်းမြို့ အမျိုးသားအားကစားကွင်းသို့ ရောက်ရှိကြသည်။

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ Mr Choummaly Sayasone၊
န်ကြီးချုပ် Mr Bouasone Bouphavanh၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး
သိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ
န်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများနှင့်
တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ
တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အားကစားကွင်းအတွင်းသို့
ချီတက်ဝင်ရောက်လာသော မြန်မာအားကစားအဖွဲ့အား အရေးကြီးပုဂ္ဂိုလ်များ
ကြည့်စင်မှ နှုတ်ဆက်အားပေးသည်။

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို
ဒေသစံတော်ချိန် ညနေ ၆နာရီတွင် စတင်ကျင်းပပြီး ည ၈နာရီတွင် အခမ်းအနား
အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယင်ကျန်းမြို့
Km(6) ခန်းမ၌ ကျင်းပသည့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်
Mr Bouasone Bouphavanh က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့
တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

ဂုဏ်ပြုညစာစားပွဲတက်ရောက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယင်ကျန်းမြို့ Km(6) ခန်းမ၌ကျင်းပသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh က တည်ခင်းဧ
သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။**

(သတင်း

ဖွင့်ပွဲ အခမ်းအနား ကျင်းပ

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသား အားကစားကွင်း၌ (၂၅)ကြိမ်မြောက် အရှေ့တောင် **အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်း** အနားကျင်းပစဉ်။

(သတင်းစဉ်)



ဝန်ကြီး ဦးဉာဏ်ဝင်းအား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်င
နိုင်ငံခြားရေးဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါမာနှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား (၁၂)ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှ
သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာနယူတန်ဂုဏရတနာနှင့် သံရုံးမှ တ
ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြား
ချုပ်များ တက်ရောက်ခဲ့ကြသည်။

(သတ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား (၁၂)ကြိမ်မြေ
ဘင်းမ်စတက်အဖွဲ့ ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် ရော
နေသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝ
ဌာန ဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါမာနှင့်အဖွဲ့ လာရောက်တွေ့ဆုံစ**

(သတင်

ဝန်ကြီး ဦးဉာဏ်ဝင်းအား နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဆူဂျာတာကွေရားလာနှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဆူဂျာတာ ကွေရားလာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်

စာအုပ် စာပေ လူ့မိတ်ဆွေ

သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ်ဂုန လက်ရှ်မီးရှားမားနှင့် နီပေါဖက်ဒရယ်ဒီမို ကရက်တစ်သမ္မတနိုင်ငံ သံရုံးမှတာဝန် ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမ၌ ကျင်းပသည့် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်၍ ပြည်သူများနှင့်အတူ မြို့အတွင်း စုပေါင်းလမ်းလျှောက်ပြီး ဂေါက်ကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက ငရုတ်ကောင်း ရွှေရတုအထိမ်းအမှတ် တိုးချဲ့ဆောက်လုပ်ရန် အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၀

ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ အထက နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်ကို ဒီဇင်ဘာ ၂၇ရက်တွင် ကျင်းပမည့် အာစရိယပူဇော်ပွဲနှင့် တိုးချဲ့စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့နေ ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း သမီးမနန္ဒာထွန်း၊ သားမောင်အိုရီယံထွန်း (ရွှေယမုံ) မိသားစုက ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ကျင်းပရေးအဖွဲ့ နာယက ဦးရဲမြင့် (ငွေသောင်ယံ)က လက်ခံယူသည်။ (အပေါ်ပုံ)

လှူဒါန်းလိုသူကျောင်းသားဟောင်းများနှင့်ဆရာကြီး၊ဆရာမကြီးများသည် ဦးရဲမြင့် (ငွေသောင်ယံ) ဖုန်း-၀၉-၅၂၀၂၀၉၄၊ ၀၉ ၈၅၆၉၂၉၂၊ ဦးစန်းမောင် (ဌာနမှူး၊ မအူပင်တက္ကသိုလ်)ဖုန်း-၀၄၅-၃၀၁၃၉နှင့် ဦးမြင့်ထွန်း ဖုန်း-၀၉-၅၂၀၁၀၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(၅၅၂)

ပထမဆုံး ဂျင်ဆင်း + လင်ဇီး သက်စောင့်အားဆေး ဟာဂျင်း (HAGIN) မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

Medi Max Trading Co ,Ltd ကကျင်းပသော ပထမဦးဆုံး ကိုရီးယား ဂျင်ဆင်း + လင်ဇီး သက်စောင့်အားဆေး ဟာဂျင်း (HAGIN) ၏ မိတ်ဆက်ညှော့်ခံညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ အခမ်းအနားသို့ ဆေးဆိုင်ကြီးများ၊ စာနယ်ဇင်းများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် Medi Max Trading Co ,Ltd မှ Managing Director ဒေါက်တာဇော်ထွန်းအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုရီးယားနိုင်ငံ Korean Ginseng Research Co ,Ltd မှ Mr U Chan Kim က အားဆေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

HAGIN အားဆေးမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီး ကိုရီးယားနိုင်ငံမှ တင်သွင်းသည့် ပထမဦးဆုံး ဂျင်ဆင်းနှင့် လင်ဇီး ပေါင်းစပ်ထားသော သက်စောင့်အားဆေးဖြစ်သည်။ ဓာတုပစ္စည်းများ မပါဝင်ဘဲ သဘာဝပစ္စည်းများဖြင့်သာ ထုတ်လုပ်ထားကြောင်း၊ ဂျင်ဆင်းနှင့် လင်ဇီးအပြင် သဘာဝဗီတာမင်အီး (Natural Vitamin E)၊ Royal Jelly (ပျားသုဒ္ဓါ)၊ β Carotene (ဘီတာကယ်ရိုတင်း) အစရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ကို အချိုးအစားမျှတစွာ ထည့်သွင်းဖော်စပ်ထားသဖြင့် ဘေးထွက်ဆိုးကျိုးကင်းစင်ပြီး သက်ရှည်နုပျိုကာ ကိုယ်ခံစွမ်းအားကို အထူးမြှင့်တင်ပေးကြောင်း သိရသည်။

HAGIN သက်စောင့်အားဆေးနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀၊ ၅၁၁၁၃၇၊ ၀၉-၅၀၁၅၃၅၄နှင့် ၀၉-၅၀၇၉၃၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Medi Max Trading Co.,Ltd. ကကျင်းပသော ပထမဦးဆုံး ကိုရီးယားဂျင်ဆင်း + လင်ဇီး သက်စောင့်အားဆေး ဟာဂျင်း (HAGIN) ၏ မိတ်ဆက် ညှော့်ခံညစာစားပွဲ အခမ်းအနားတွင် **Medi Max TradingCo.,Ltd. မှ Managing Director ဒေါက်တာ**ဇော်ထွန်းအေး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)မှ ကြီးမှူး၍ MSI Authorized Distributor (Royal Smart Co ,Ltd) ၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၁၂ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း (၂၀၅)၌ ဦးရဲကျော်သိန်း (General Manager,Compu Tech Servicing &Training Center)နှင့် U Win Min Zaw (R & D Manager, Sumpower Co ,Ltd)တို့က AMD Processor နည်းပညာများနှင့် ကွန်ပျူတာလုပ်ဆောင်မှုစနစ်များအကြောင်း အသုံးပြုပုံများကို သိရှိစေရန်ရည်ရွယ်၍ "Introducing AMD Platform Technology & Demonstration" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊IT ကိုလေ့လာနေသူများ၊ Hardware Technician များနှင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက် ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင် (၄) အခန်း (၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(ကြေးမုံ)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရှေ့ပန်းသီတာဥယျာဉ်အတွင်းရှိ ပျိုးဥယျာဉ် အမှတ်(၁)တွင် အဖွဲ့ဝန်ထမ်းများ **စုပေါင်း၍ မြက်ပင်များ ရှင်းလင်းခြင်း၊ ပျိုးထုပ်များထုပ်ခြင်းနှင့် ပန်းအလှပင်များ** စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မြင့်ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၀ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၁၀ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ၂၀၀၉-၂၀၁၀ ပြက္ခဒိန်ဇယား၊ အရေးကြီးတယ်လီဖုန်းနံပါတ်များ၊ (နယ်အဝေး)မြို့များ၏ တယ်လီဖုန်းသင်္ကေတနံပါတ်များ၊ မက်ထရစ်စနစ် ပြောင်းလဲမှုဇယား၊ နေပြည်တော်မှ နယ်မြို့များသို့ ကားလမ်း၊ မီးရထားလမ်းခရီးစဉ်များပါရှိပြီး စာအုပ်ကို စက္ကူဖြူချောဖြင့် သေသပ်လှပစွာ ရိုက်နှိပ်ထားသည်။ ၂၀၁၀ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂ ၆၂၉၂၅၊ ၆၂၉၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ် (၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ် (၂၃၂) ဆူးလေဘုရားလမ်း ရန်ကုန်မြို့နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ (ငွေလုံး)လုပ်ငန်းဖြင့် ဆောင်ရွက်သော (၇)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ **ဦးဝင်းမော်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်နီနီလွင်တို့ ကြီးကြပ်**ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လာမည့်သောကြာပတ် "ပင်လယ်ကိုဖြတ်၍" ဇာတ်ကားသစ် ရုံဝင်လာမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ယခုပတ် သောကြာ ဒီဇင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံကြီးများဖြစ်သော သမ္မတ၊ သွင်နှင့် မင်္ဂလာ ရုံတို့၌ ပြသဆဲဇာတ်ကားဖြစ်သည့် "မာမီရှိန်း" ဇာတ်ကားသာ ဆက်လက်ပြသမည်ဖြစ်သည်။ ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှ နေရီမင်း၏ ဇာတ်လမ်းကို လွင်မင်းအံ့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင်၊ တွဲဖက်ဒါရိုက်တာ မောင်သီလနှင့် ဩရသတို့ရိုက်ကူးပြီး နေတိုးက အမျိုးသမီးစရိုက်ကို ပီပီပြင်ပြင် သရုပ်ဆောင်ထားသည့် ဟာသဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်တို့ ပါဝင်ပြီး မိုးဒီ၊ မော့စ်၊ ဗေလုဝ၊ ခင်လှိုင်၊ ကုသိုလ်၊ ကင်းကောင်စသည့် သရုပ်ဆောင်များလည်း ပါဝင်အားဖြည့်ထားကြောင်း သိရသည်။

မြို့လယ် ဝဇီရာ၊ ဝဇီရာ (၂) (လှိုင်သာယာ)နှင့် မြရတနာ (သာကေတ) ရုပ်ရှင်ရုံတို့တွင် "သူငယ်ချင်းယောက္ခမ" ဇာတ်ကားပြသမည်ဖြစ်ပြီး ကျော်ရဲအောင်၊ လွင်မိုး၊ စိုးမြတ်သူဇာ၊ မိုးဟေကိုတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ဒီဇင်ဘာ ၁၈ ရက်တွင် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မန္တလေးမြို့မနှင့် ဝင်းလိုက် အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် စန္ဒီးဝိုက်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုလွင် (စန္ဒီးဝိုက်)၏ ဝတ္ထုဇာတ်ညွှန်း၊ ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးဝိုက်) ရိုက်ကူးသော "ပင်လယ်ကိုဖြတ်၍" ဇာတ်ကားပြသမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော "ဟိုင်းကြီး" ဒေသ၏ ယခင်ကာလက အလှမြင်ကွင်းများကို ကြည့်ရှုခံစားရမည်ဖြစ်ပြီး အကယ်ဒမီ ရန်အောင်၊ နိုင်းနိုင်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ အကယ်ဒမီ ချိုပြုံး၊ စိုးမိုးကြည်၊ မိုးပွင့်၊ မိုးဟေမာန်ခင်တို့ ပါဝင်ကြောင်း သိရသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံတွင် ကမ္ဘာပျက်မည့်အကြောင်းကို စိတ်ကူးယဉ်ရိုက်ကူးထားသည့် "2012" ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ရွှေဆောင်ရုံတွင် မင်းသား ရှာရွတ်ခန်၊ မင်းသမီး အနုစ္စကရှာမာ ပါဝင်သည့် "AAB NE BANA DI JODI " ဇာတ်ကားဆက်လက်ပြသမည် ဖြစ်သည်။ ဘုရင်ရုံ တွင် "အမွေဆက်ခံမည့်သူ ယူရာဂျ်" အင်္ဂလိပ်စာတန်းထိုး အိန္ဒိယ အချစ် ဟာသဇာတ်ကား ပြသမည်ဖြစ်ပြီး ကြွယ်ဝချမ်းသာသည့် မိသားစုမှ ညီအစ်ကိုသုံးဦး၏ အဖြစ်မှန် အချစ်ဇာတ်လမ်း၊ ဖခင်ကြီး၏ အမွေအနှစ်များကိုရယူရန် တစ်ဦးနှင့်တစ်ဦး လှည့်စားမှုများကို ဖော်ညွှန်းထားသည့် ဇာတ်ကားသစ်ကြီးဖြစ်သည်။ မြို့မရုံတွင် မင်းသား ဗီဂျေး၊ မင်းသမီး ချောလေး သရီးသျှားတို့ ပါဝင်သည့် "KURUVI" ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ဆက်လက်ပြသနေသော "မာမီရှိန်း" ဇာတ်ကားမှ နေတိုးနှင့် ကလေးသရုပ်ဆောင် ယွန်းယွန်းတို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

မြန်မာအားကစားအသင်း ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၀

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမား ပြည့်ဖြိုးက ၅၆ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် ဆွတ်ခူးပြီး အင်ဒိုနီးရှားက ပထမနှင့် မလေးရှားက တတိယ ရရှိသည်။

အလားတူ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဝယ်လ်တာဝိတ်တန်း ၇၄ ကီလိုအထက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမား ဇာနီထွန်းနှင့် ထိုင်းအားကစားသမားတို့က ပူးတွဲတတိယရရှိကြပြီး ဗီယက်နမ်က ပထမနှင့် ဖိလစ်ပိုင်က ဒုတိယရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၅၆ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမား ပြည့်ဖြိုး။ (အား/ကာ)

တိုက်ကွမ်ဒို အားကစားပြိုင်ပွဲ ဝယ်လ်တာဝိတ်တန်း ၇၄ ကီလိုအထက်ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရ ဇာနီထွန်း။ (အား/ကာ)

ထူးချွန်ထက်မြက်လူငယ် ခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

Wise International School For Executives က ကြီးမှူး၍ ပညာရေးဆိုင်ရာဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ ၁၀ ထပ် အခန်းအမှတ် (၁၀၀၉)၌ ခင်မောင်ညို(ဘောဂဗေဒ)က ထူးချွန်ထက်မြက်လူငယ် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရိုးရာမွေ **အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်အဖွဲ့အား** ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

Lenovo အထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

Lenovo Notebook, Lenovo Desktop PC, Lenovo All in One PC များအတွက် အထူးဈေးရောင်းပွဲတော်ကို Lenovo Authorised Sales Distributor ဆိုင်များနှင့် Authorised Dealer ဆိုင်များ၌ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပသွားမည် ဖြစ်သည်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ တစ်ပြိုင်တည်း နှစ်ရက်တည်းသာ ရောင်းချပေးသွားမည်ဖြစ်သည်။

Lenovo သည် ၂၀၀၅ ခုနှစ်တွင် IBM Personal Computer ဌာနတစ်ခုလုံးကို အပြီးသတ် ဝယ်ယူခဲ့ပြီး နောက်ပိုင်း အာရှပစိဖိတ်တွင် ရောင်းအားအကောင်းဆုံး PC Brand ဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ကွန်ပျူတာထုတ်လုပ်သော ကုမ္ပဏီဖြစ်လာခဲ့သည်။

အထူးအစီအစဉ်အနေဖြင့် ထိုနေ့တွင် Lenovo ဝယ်ယူသူများအတွက် Lenovo Notebook တစ်လုံးနှင့် ကျပ်တစ်သိန်းတန် ဆုမဲ ငါးဆုကိုလည်း ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။ ဝယ်ယူရရှိနိုင်သော ဆိုင်များမှာ KMD, Lucky Bird, ICE, Innwa, Technoland, MRS, Citicom, Royal Tech, Neo Tech, King Service Wisdom, Access Spectrum, Asia Tech, iNet, NTG, DCD တို့ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၁၊ ၂၄၈၁၆၇ နှင့် ၃၇၉၈၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၁၀

ဦးမြင့်ရွှေ(PRO)သည် ကစားဖော်များဖြစ်ကြသော ဦးဌေးအောင်၊ ဒေါက်တာမောင်မောင်၊ ဗိုလ်မှူးခင်မောင်ရွှေ(ငြိမ်း)၊ ဦးနိုင်အုပ်တို့နှင့်အတူ ဒီဇင်ဘာ ၈ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် TITLEIST PRO V (1) ဘောလုံးကို XX10 IRON No(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၂၁၂ ကိုက်အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုး အနည်းငယ်ရွာနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် **ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့၊ မင်းတပ်မြို့နှင့် အမ်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၁ ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၉-၁၂-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၁၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၅၈ ဒီဂရီဖာရင်ဟိုက်) ၁၀-၁၂-၂၀၀၉

အင်အားပြင်း ငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့နံနက် ၉ နာရီ ၀၀ မိနစ် ၅၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၄၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကူရီကျွန်း)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးအဆင့် ပွဲစဉ်များပြီးဆုံး ဘာစီလိုနာနှင့် ဖီအိုရင်တီးနားတို့ အုပ်စုဗိုလ်ဖြစ်

ဝင်းတင်(ကြေးမုံ)

အဆင်အပြင် - ကိုမင်း

လန်ဒန် ဒီဇင်ဘာ ၁၀

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံး ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့နံနက်ပိုင်းကကျင်းပခဲ့ရာ ဘာစီလိုနာနှင့် ဖီအိုရင်တီးနားတို့ နိုင်ပွဲအသီးသီးရရှိပြီး အုပ်စုဗိုလ်ဖြင့် နောက်တစ်ဆင့် တက်နိုင်ခဲ့ပြီဖြစ်သည်။

အုပ်စု(င)

ဤအုပ်စုတွင် ဖီအိုရင်တီးနားက လီဗာပူးကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ၁၅ မှတ်ဖြင့် ပထမ၊ လိုင်ယွန်က ဒီဘရီစင်ကို လေးဂိုးပြတ်ဖြင့် နိုင်ကာ ၁၃ မှတ်ဖြင့် ဒုတိယရရှိကာ ရှုံးထွက်အဆင့်သို့ တက်သွားပြီဖြစ်သည်။ ချန်ပီယံလိဂ်တွင် အစဉ်အလာကြီးမားခဲ့သည့် လီဗာပူးအသင်းမှာမူ ယူရိုပါလိဂ်ဝင်ခွင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အင်တာမီလန်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး အီတူး သွင်းယူစဉ်။

အုပ်စု(စ)

ဤအုပ်စုတွင် ဘာစီလိုနာက ဒိုင်နမိုကိယဗ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ရမှတ် ၁၁ မှတ်ဖြင့် ပထမ၊ အင်တာမီလန်က ရူဘင်ကာဇင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ရမှတ် ကိုးမှတ်ဖြင့် ဒုတိယရရှိကာ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီး ရူဘင်ကာဇင် ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့သည်။

အုပ်စု(ဆ)

ဤအုပ်စုတွင် ဆီဗီလာက ရိန်းဂျားစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ရမှတ် ၁၃ မှတ်ဖြင့် ပထမ၊ စတုဂတ်က ရူနီရီအာကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ရမှတ် ကိုးမှတ်ဖြင့် ဒုတိယရရှိကာ နောက်တစ်ဆင့် တက်နိုင်ခဲ့ပြီး ရူနီရီအာ ယူရိုပါလိဂ်ဝင်ခွင့် ရရှိသွားသည်။

လီဗာပူးဘက်သို့ ဖီအိုရင်တီးနား တိုက်စစ်မှူး ဂီလာဒီနို အနိုင်ဂိုး **သွ**င်းယူစဉ်။

အုပ်စု(ဇ)

ဤအုပ်စုတွင် အာဆင်နယ်မှာ အိုလံပီယာကော့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုဗိုလ်ရရှိကာ အိုလံပီယာကော့စ်က ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ဘယ်လ်ဂျီယံမြေတွင် ကစားခဲ့သည့် စတန်းဒတ်လီဂီနှင့် အဲလ်ခမာတို့ပွဲမှာ တစ်ဂိုးစီသရေကျခဲ့ပြီး စတန်းဒတ်လီဂီက အဲလ်ခမာထက် တစ်မှတ်အသာဖြင့် ယူရိုပါလိဂ်ဝင်ခွင့် ရရှိသွားခဲ့သည်။

အင်တာနက်။

အင်အား ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့နံနက် ၀၃ နာရီ ၅၉ မိနစ် ၀၅ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (အင်ဒိုနီးရှားနိုင်ငံ ဆင်မီလုဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
- ☆ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် အားကစားကွင်းအတွင်းသို့ ချီတက်ဝင်ရောက်လာသော မြန်မာ အားကစားအဖွဲ့အား နှုတ်ဆက်အားပေးစဉ်။ (အပေါ်ပုံနှင့်ယာပုံ) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ ညပိုင်းတွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားအားကစားကွင်း၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ထူးခြားသည့် ညအပူချိန်များ

(၁၀-၁၂-၂၀၀၉)

ဟားခါး	-	(- ၁) ဒီဂရီစင်တီဂရိတ်
လွိုင်လင်	-	သုည ဒီဂရီစင်တီဂရိတ်
တီးတိန်၊ နမ့်စန်၊ ပင်လောင်း၊		
ဟဲဟိုးနှင့် မိုးကုတ်	-	၅ ဒီဂရီစင်တီဂရိတ်စီ
လားရှိုး၊ မင်းတပ်နှင့် အမ်း	-	၆ ဒီဂရီစင်တီဂရိတ်စီ